The State Agricultural Marketing Board Act, 1950
(Act No LVII of 1950)

# ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၇။]

## အပိုင်း ၁။

### ပဏာမ။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့တွင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) "အဖွဲ့"ဆိုသည်မှာ၊ ဤအက်ဥပဒေပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ခ) "ကောက်ပဲသီးနှံ"ဆိုသည့်စကားရပ်မှာ၊ ဤအက်ဥပဒေပါ အချက်များနှင့်သက်ဆိုင်စေရမည်ဟု ဤအက်ဥပဒေပုဒ်မ ၁၇ (က) အရ၊ အဖွဲ့ကကျေညာသည့် ဝတ္ထုကိုဆိုလိုသည်။

(ဂ) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ၊ ပုဒ်မ ၉ အရ ပြုလုပ်သည့်နည်းဥပဒေများအရ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

## အပိုင်း ၂။

### အဖွဲ့ဖွဲ့စည်းပုံ။

၃။ ။(၁) နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့ဟူသောအမည်ဖြင့်၊ အဖွဲ့တခုကို နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာလျက် သတ်မှတ်သည့်နေ့မှစ၍ ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွအဖွဲ့ပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ၎င်းအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

(၃) ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်စည်ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေအရ (The Essential Supplies and Services Act, 1947) ဖွဲ့စည်းထားသော နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ရုံးပုံငွေကိုရင်း၊ ထိုနိုင်ငံ

**Price,—Annas 2.]**

တော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကိုင်း၊ အဖွဲ့ကဆက်ခံရမည့်ပြင်၊ အဆိုပါကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က ချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်း အဖွဲ့ကပင်ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

၄။ ။အဖွဲ့တွင်နိုင်ငံတော်သမ္မတကခန့်ထားသောဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်လူကြီး ဆယ်ဦး ပါရှိရမည်။ ဥက္ကဋ္ဌမှတပါး အခြား အဖွဲ့ဝင် လူကြီးများအနက် တဝက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးဌာနနှင့် အခြားသက်ဆိုင်ရာ အစိုးရဌာနများမှ အရာရှိများဖြစ်၍၊ ကျန်တဝက်မှာ အစိုးရအရာရှိ မဟုတ်သူများ ဖြစ်ရမည်။

၅။ ။(၁) ပုဂ္ဂိုလ်တဦးကိုအဖွဲ့ဝင်လူကြီးအဖြစ်မခန့်ထားမီ၊ထိုပုဂ္ဂိုလ်က အဖွဲ့ဝင်လူကြီးအဖြစ် မိမိ၏အလုပ်ဂတိတရားများဆောင်ရွက်ခြင်းကိုထိခိုက်ဘွယ်ရာရှိသည့် ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့်၊ သို့တည်းမဟုတ် အခြား အကျိုးသက်ဆိုင်ခွင့် ရှိမည်မဟုတ်ဟုနိုင်ငံတော်သမ္မတက ကျေနပ်ရမည့်ပြင်၊ အဖွဲ့ဝင်လူကြီးတဦးဦး၌ ထိုသို့သောအကျိုးသက်ဆိုင်ခွင့်မရှိဟူ၍လည်းအခါအားလျော်စွာ နိုင်ငံတော်သမ္မတကကျေနပ်ရမည်။

(၂) အဖွဲ့က ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်၊ရောင်းမှု၊သို့တည်းမဟုတ် ဝယ်မှုကခုခုတွင်တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့်အဖွဲ့ဝင်လူကြီးသည်၊ မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို၊ အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။ ထိုသို့ထုတ်ဖော် ပြောဆိုချက်ကို အဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထို့ပြင်ထိုအဖွဲ့ဝင်လူကြီးသည် ထိုပဋိညာဉ်ပြုလုပ်မှု၊ ရောင်းမှု၊သို့တည်းမဟုတ် ဝယ်မှုနှင့် ပတ်သက်၍၊ အဖွဲ့က ဆွေးနွေးရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင်မပါဝင်ရ။

၆။ ။အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်လူကြီးတို့၏ ရာထူး သက်တမ်းသည်၊ နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။ အဖွဲ့ဝင်လူကြီးတဦးဦး၏ ရာထူး လက်ရှိဆောင်ရွက်ခြင်းကို နိုင်ငံတော်သမ္မတက အချိန်မရွေးရပ်စဲနိုင်သည်။

၇။ ။အဖွဲ့နှင့် လက်ဖောက်အဖွဲ့များတွင်ပါဝင်သော အစိုးရအရာရှိမဟုတ်သူ လူကြီးများအား၊နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အခများနှင့် စရိတ်ကြေးငွေများ ပေးရမည်။

၈။ ။(၁) သေဆုံး၍ဖြစ်စေ၊ရာထူးမှနုတ်ထွက်၍ဖြစ်စေ၊ ရာထူးမှနုတ်ပယ်ခြင်းခံရ၍ဖြစ်စေ၊အခြားအကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးရာထူးလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင် အဖွဲ့ဝင်လူကြီးသစ်တဦးကို အဖွဲ့ဝင်လူကြီးဟောင်းအား ခန့်ထားသည့်နည်းတူ ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော အဖွဲ့ဝင်လူကြီးသစ်သည်၊ မိမိအား ခန့်ထားသည့်နေရာတွင်၊ အဖွဲ့ဝင်လူကြီးဟောင်း၏ ရာထူး သက်တမ်းစေ့ရန်ကျန်မည့် အချိန်အထိသာ၊ ရာထူးလက်ရှိထမ်းရွက်ရမည်။

(၂) အဖွဲ့က စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်လူကြီး ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်လူကြီးတဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တခုခုရှိသည့်အကြောင်းကြောင့်သော်၎င်း ပျက်ပြယ်စေရ။

## အပိုင်း ၃။

**အဖွဲ့နှင့်ပတ်သက်သည့် နိုင်ငံတော်သမတ၏အခွင့်အာဏာများ။**

၉။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ ပြုလုပ်နိုင်သည်။

(က) အဖွဲ့ဥက္ကဋ္ဌ၏ လစာနှင့်စရိတ်ကြေးငွေများကိုဎင်း၊ အမှုထမ်းစည်းကမ်းများကိုဎင်း ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ပုဒ်မ ၁၇ (ဆ) အရ၊ ခန့်ထားသည့်၊ သို့တည်းမဟုတ် အမည် တင်သွင်း ခန့် ထား သည့် ပုဂ္ဂိုလ်တို့အားပေးသင့်သည့် အခနှင့် စရိတ်ကြေးငွေများကို သတ်မှတ်ရန်ကိစ္စ။

(ဂ) အဖွဲ့အဟွက် မြေသိမ်းယူနိုင်သည့်အချက်များနှင့်နည်းလမ်းကိုပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) နိုင်ငံတော်သမတက အဖွဲ့သို့ ပုဒ်မ ၂၁ အရ၊ ထုတ်ချေးသည့်ငွေများပြန်လည်ပေးဆပ်ရမည့် နည်းလမ်းကိုသတ်မှတ်ရန်ကိစ္စ။

(င) ပုဒ်မ ၁၇ (က) အရ၊ အဖွဲ့ကသုံးစွဲနိုင်သည့် အာဏာများနှင့် ထိုအာဏာများကို သုံးစွဲသည့်နည်းလမ်းများကို ပြဋ္ဌာန်းရန်ကိစ္စ။

(စ) ပုဒ်မ ၁၇ (ခ) အရ၊ အဖွဲ့ကသုံးစွဲနိုင်သည့် အာဏာများအနက် မည်မျှသုံးစွဲရမည်၊ မည်သို့သုံးစွဲရမည်ဟု ပြဋ္ဌာန်းခြင်းကိစ္စ။

(ဆ) အဖွဲ့အစည်းအဝေး၊ သို့တည်းမဟုတ် လက်အောက် အဖွဲ့အစည်းအဝေး၊ သို့တည်းမဟုတ်ကော်မီတီအစည်းအဝေး အထမြောက်စေရန် တက်ရောက်ရမည့် လူကြီးဦးရေကို သတ်မှတ်ရန်။

(ဇ) ယေဘုယျအားဖြင့်၊ ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်ကိစ္စ။

၁၀။ ။နိုင်ငံတော်သမတသည်၊ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ နိုင်ငံတော်အကျိုးနှင့်သက်ဆိုင်သည်ဟု မိမိထင်မြင်သောကိစ္စများနှင့်စပ်လျဉ်း၍၊ အဖွဲ့အားဎင်း၏၊ အလုပ်ဝတ်တရားများကိုမည်သို့ဆောင်ရွက်ရမည်ဟုဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၁၁။ ။နိုင်ငံတော်သမတသည်အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊အဖွဲ့အား ဎင်း၏လုပ်ငန်းဆောင်တာပျယ်ရပ်ကို ရပ်စဲရန်ဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း၊ အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၁၂။ ။(၁) ဤအက်ဥပဒေဖြင့်ပေးအပ်ထားသောတာဝန်ဝတ်တရား၊ အလုပ်ဝတ်တရားနှင့် အခြားတာဝန်များကို၊ အဖွဲ့က ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု နိုင်ငံတော်သမတကထင်မြင်သဘောရှိလျှင်၊နိုင်ငံတော်သမတသည်၊အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ အဖွဲ့ကိုဖျက်သိမ်းနိုင်သည်။ ထိုသို့ကျေညာပြီးနောက်အဖွဲ့၏လုပ်ငန်းအရာရပ်စီမံခန့်ခွဲညွှန်ကြားဆောင်ရွက်မှုကို၊ နိုင်ငံတော်သမတက ခန့်ထားသော ကိုယ်စားလှယ်သို့အပ်နှင်းရမည်။ ထိုသို့အပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်သည်၊ ဤအက်ဥပဒေအရ အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် အလုပ်ဝတ်တရားများကိုသုံးစွဲဆောင်ရွက်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အရေးယူသောအခါ၊ နိုင်ငံတော်သမတသည် ထိုသို့အရေးယူရသည့် အကြောင်းရင်းအခြေအနေများနှင့် အရေးယူပုံအစုံအလင်ဖော်ပြပါရှိသောအစီရင်ခံစာကို ပါလီမန်သို့အဖွဲ့အား ဖျက်သိမ်းကြောင်း ကြေညာသည့်နေ့မှစ၍ သုံးလအတွင်း လျင်မြန်နိုင်သမျှလျင်မြန်စွာတင်ပြရမည်။

(၃) ဤပုဒ်မအရထုတ်ပြန်ကြေညာသောမည်သည့်အမိန့်ကြော်ငြာစာမျှ ခြောက်လထက် ပို၍အာဏာမတည်စေရ။ သို့ရာတွင်နိုင်ငံတော်သမတသည်၊ ထိုကဲ့သို့ ထုတ်ပြန်ကြေညာသည့်အမိန့်ကြော်ငြာစာကို အသစ်ထပ်မံ၍ထုတ်ပြန်ကြေညာနိုင်သည်။ ထိုသို့အသစ်ထပ်မံ၍ ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာတိုင်းသည် ခြောက်လထက်ပို၍အာဏာမတည်စေရ။

ခြွင်းချက်။ ။သို့ရာတွင်နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရ အဖွဲ့ကိုဖျက်သိမ်းပြီးသည့်နောက်၊ မည်သည့်အခါ၌မဆို သင့်လျော်သည်ဟုထင်မြင်လျှင်၊ ဤအက်ဥပဒေ ပုဒ်မ ၃ အရ အဖွဲ့အသစ် တဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အပိုင်း ၄။

### အဖွဲ့၏အလုပ်ဝတ်တရားများ။

၁၃။ ။(၁) အဖွဲ့၏အလုပ်ဝတ်တရားများသည် ကောက်ပဲသီးနှံများကိုခွဲကြိတ်ပြုပြင်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို ယေဘုယျအားဖြင့် ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဖြစ်သည့်ပြင်၊ ဤအက်ဥပဒေအရ အဖွဲ့၏ အလုပ်ဝတ်တရားများကို နည်းလမ်းတကျဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် သင့်လျော်သောအခြားလုပ်ငန်းဆောင်တာများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါအလုပ်ဝတ်တရားများတွင် အထူးသဖြင့်အောက်ပါတို့လည်းပါဝင်ရမည်။

(က) ကောက်ပဲသီးနှံများကိုလက်ခံခြင်း၊ရယူခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊တင်ချခြင်း၊သို့တည်းမဟုတ်သယ်ယူပို့ဆောင်ခြင်း။

(ခ) ကောက်ပဲသီးနှံများကိုခွဲကြိတ်ပြုပြင်သည့်လုပ်ငန်းကိုဆောင်ရွက်ခြင်း။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ကောက်ပဲသီးနှံများကိုရောင်းချခြင်း၊သို့တည်းမဟုတ်ထုခွဲခြင်း။

(ဃ) ဝတ္ထုပစ္စည်းများ၊ ယာဉ်များ၊ စက်ကိရိယာများ၊ စက်ပစ္စည်းများနှင့် အခြား ပစ္စည်းများကိုဝယ်ယူခြင်း၊ ငှါးရမ်းခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ်ထုခွဲခြင်း။

(င) မြေ၊ စက်ရုံများ၊ ကုန်လှောင်ရုံများနှင့်အခြားအဆောက်အဦများကို ဝယ်ယူခြင်း၊ဆောက်လုပ်ခြင်း၊ ငှါးရမ်းခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် ထုခွဲခြင်း။

(စ) ကြည့်ရှုစစ်ဆေးမှု၊ စမ်းသပ်မှုနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၄။ ။အဖွဲ့သည်၊ မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌ ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုလက်မှုလုပ်ငန်းနှင့် အများပြည်သူတို့၏ အကျိုးများကို အထူးရှေးရှု၍၊ ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ လိုက်နာရမည့်မူနှင့်ပတ်သက်သည့်အချက်များတွင်၊ နိုင်ငံတော်သမတက အဖွဲ့အားညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၅။ ။အဖွဲ့သည်၊ မိမိအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်နှင့်မှတ်တမ်းမိတ္တူများကို နိုင်ငံတော်သမတထံပေးပို့ရမည်။

၁၆။ ။အဖွဲ့သည်၊အဖွဲ့၏ဘဏ္ဍာတော်နှစ်အသီးသီးကုန်ဆုံးပြီးနောက် ဆောလျင်နိုင်သမျှဆောလျင်စွာထိုနှစ်အတွင်းအဖွဲ့၏ အလုပ်ဝတ်တရားများကို ဆောင်ရွက် ခြင်းနှင့်ရင်း၊အဖွဲ့ကလိုက်နာသည့်မူနှင့်ရင်း၊ လုပ်ငန်းစဉ်များနှင့်ရင်းပတ်သက်၍ နိုင်ငံတော်သမတထံ အစီရင်ခံစာတင်သွင်းရမည်။ နိုင်ငံတော်သမတသည်၊ အဆိုပါအစီရင်ခံစာအသီးသီး၏ မိတ္တူကို ပါလီမန်သို့တင်ပြရမည်။

## အပိုင်း ၅။

### အဖွဲ့၏အာဏာများ။

၁၇။ ။ဤအက်ဥပဒေဖြင့် အပ်နှင်းထားသော အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဖွဲ့မှာ ဤအက်ဥပဒေအရ အဖွဲ့၏ အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန် အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် သင့်လျော်သော မည်သည့် ကိစ္စမဆို ပြုလုပ်နိုင်သည့် အာဏာများရှိရမည်။ ထို့အပြင်အဆိုပါ အာဏာများတွင် အောက်ပါအာဏာများလည်းပါဝင်ရမည်။

(က) အပင်မှ၊ သို့တည်း မဟုတ် အနွယ်မှ ထွက်သည့် ပစ္စည်း တခုခုကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ ကောက်ပဲသီးနှံများဖြစ်သည်ဟု အမိန့်ကြော်ငြာစာနှင့်ထုတ်ပြန်ကြေညာနိုင်သည့် အာဏာ၊ ထို့ပြင် အဆိုပါ ပစ္စည်းတခုခုကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖြစ်စေ၊ ပြဋ္ဌာန်းချက် တခုခုနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ ရပ်စဲရမည်ဟု လည်းမည်သည့်အခါမဆို အလားတူ ကြေညာနိုင်သည့် အာဏာ။

(ခ) ကောက်ပဲသီးနှံများ ဲကြိတ်ပြုပြင်ခြင်းကိုရင်း၊ ရောင်းဝယ်ခြင်းကိုရင်း၊ ထိုသို့ရောင်းဝယ်မှုနှင့် ပတ်သက်သည့် ဆက်ဆံမှုများကိုရင်း၊ သိုလှောင်ခြင်း၊ သယ်ပို့ဆောင်ခြင်းကိုရင်း၊ ကောက်ပဲသီးနှံများ ဲကြိတ် ပြုပြင်သော စက်များဆောက်လုပ်ခြင်းကိုရင်း၊ စက်ရုံများ၏ လုပ်ငန်းဆောင်တာ လုပ်ကိုင်ခြင်းကိုရင်း၊ ကြီးကြပ်အုပ်ချုပ်နိုင်သည့် အာဏာ။

(ဂ) နိုင်ငံတော် သမတ၏ ကြိုတင်သဘော တူညီချက်ဖြင့် ငွေချေးယူရန်နှင့်ငွေထုတ်ချေးရန်အာဏာ။

(ဃ) အဖွဲ့၏အမှုဆောင်အရာရှိချုပ် ဖြစ်မည့်ဥက္ကဋ္ဌအား၊ ဤအက်ဥပဒေပါ ကိစ္စများ ဆောင်ရွက်ရန် အလို့ငှါ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့်

အဖွဲ့၏ အလုပ်ဝတ္တရားများနှင့် အာဏာများကို လွှဲအပ်နိုင်သည့် အာဏာ။

( င ) အဖွဲ့ဝင် လူကြီး နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက် ပို၍ဖြစ်စေ ပါဝင်သည့် ကော်မီတီများကို ခန့်ထား၍ ထိုကော်မီတီ များအား ဤအက်ဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ အဖွဲ့က လိုအပ်သည် ထင်မြင်သည့်အဖွဲ့၏ အလုပ် ဝတ္တရားများနှင့် အာဏာများကိုလွှဲအပ်နိုင်သည့်အာဏာ၊

( စ ) ကိုယ်စားလှယ်များခန့်၍၊ ဤအက်ဥပဒေပါကိစ္စများ ဆောင်ရွက်ရန် အလို့ငှါ၊ အဖွဲ့ကလိုအပ်သည်ဟုထင်မြင်သည့်အဖွဲ့၏ အလုပ်ဝတ္တရားများနှင့်အာဏာများကို၊ ထိုကိုယ်စားလှယ်တို့အားလွှဲအပ်နိုင်သည့်အာဏာ။

( ဆ ) ကိစ္စတခုခုနှင့် ပတ်သက်၍၊ အဖွဲ့အား အကြံဉာဏ် ပေးရန် ပုဂ္ဂိုလ်တဦးဦးကို ခန့်ထား၍၊သို့တည်းမဟုတ် အမှည့်တင်သွင်း၍ ထိုပုဂ္ဂိုလ်တို့အား၊ နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အခများနှင့် စရိတ်ကြေးငွေများပေးနိုင်သည့်အာဏာ။

၁၇။ ။(၁) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ထားရန်လိုအပ်သည်ဟု အဖွဲ့ကထင်မြင်သော၊ သို့တည်းမဟုတ် ထားရန်သင့်သည်ဟု အဖွဲ့ကထင်မြင်သော ရာထမ်းမှုထမ်းစာရင်းများကို၊ အခါအားလျော်စွာ အဖွဲ့ကစီစဉ်ရေးသား၍ အစည်းအဝေး၌ ဆုံးဖြတ်ခွင့်ပြုရမည်။

(၂) ဆိုခဲ့သည့် အရာရှိအသီးသီးအတွက်သော်၎င်း၊ အမှုထမ်းအသီးသီးအတွက်သော်၎င်း၊ အဖွဲ့ကခွင့်ပြုသည့် လစာများ၊ အခများနှင့် စရိတ်ကြေးငွေများ၏ အရေအတွက်နှင့်အမျိုးအစားကို၊ ထိုစာရင်းများတွင်ဖေါ်ပြရမည်။

(၃) အဖွဲ့က နောက်ဆုံးခွင့်ပြုသည့် စာရင်းအားလုံးကို ပုဒ်မ ၂၅ အရ ပြုလုပ်သည့် နှစ်စဉ်ရ-သုံးမှန်းခြေ ငွေစာရင်းနှင့်ပူးတွဲ၍ နိုင်ငံတော်သမတ၏ သဘောတူညီချက်ရရှိရန်အလို့ငှါ တင်ပြရမည်။

(၄) ရာထမ်းမှုထမ်းများနှင့်ပတ်သက်သည့် အခြားအမှုထမ်း စည်းကမ်းများကို အဖွဲ့က နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ကိုခံယူလျက်၊စည်းကမ်းဥပဒေဖြင့်ပြဋ္ဌာန်းရမည်။

၁၈။ ။အဖွဲ့သည်၊ မိမိ၏လုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤအက်ဥပဒေနှင့်ညီညွတ်သောစည်းကမ်းဥပဒေများကိုပြုလုပ်ရမည်။ ထို့အပြင်ဤအက်ဥပဒေဖြင့် အပ်နှင်းသားသောအာဏာများ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ထိုစည်းကမ်းဥပဒေများသည်၊ အထူးသဖြင့် အောက်ပါကိစ္စများအတွက်ဖြစ်ရမည်။

(က) အဖွဲ့၏လုပ်ငန်းကို စီမံဆောင်ရွက်ခြင်းနှင့် အဖွဲ့၏အစည်းအဝေးများတွင်လိုက်နာရန်ကျင့်ထုံး။

( ခ ) အဖွဲ့၏ ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ္တရားများနှင့် အာဏာများ။

( ဂ ) အဖွဲ့က မိမိ၏အာဏာများကို ဥက္ကဋ္ဌ၊ လက်အောက်အဖွဲ့၊ကော်မီတီများ၊သို့တည်းမဟုတ် ကိုယ်စားလှယ်များသို့လွှဲအပ်ခြင်း။

(ဆ) အဖွဲ့ကိုယ်စား၊ ပဋိညာဉ်များနှင့် အခြားစာတမ်း အမှတ်အသားများကို လက်မှတ်ရေးထိုးခြင်း။

(င) အဖွဲ့သို့အပ်နှင်းထားသောတာဝန်ဝတ္တရားများကို ယေဘုယျအားဖြင့် ထိရောက်စွာဆောင်ရွက်ခြင်း။

## အပိုင်း ၆။

## ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၂၀။ ။အဖွဲ့သည်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ရံပုံငွေဟုခေါ်တွင်သည့် ရံပုံငွေတခုထားရှိ၍ အောက်ပါငွေများကို ထိုရံပုံငွေ၌ထည့်သွင်းရမည်။

(က) ဤအက်ဥပဒေအရ အဖွဲ့ကရရှိသောငွေအားလုံး။

(ခ) မိမိ၏အာဏာများနှင့် အလုပ်ဝတ္တရားများကို အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမတထံမှရရှိသောငွေများ။

၂၁။ ။အဖွဲ့က မိမိ၏အာဏာများနှင့် အလုပ်ဝတ္တရားများကို အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည် မိမိသင့်သည်ထင်မြင်သည့်ငွေများကို၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အခွန်ငွေတွင် စာရင်းချမှတ်၍ဖြစ်စေ၊ မ တည်ငွေတွင် စာရင်းချမှတ်၍ဖြစ်စေ၊ အဖွဲ့သို့ထုတ်ပေးနိုင်သည်။

၂၂။ ။(၁) အဖွဲ့သည်ချက်ခြင်းအသုံးမလိုသည့် မိမိ၏ငွေအားလုံးကို နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိသောဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

(၂) အဖွဲ့၏ရံပုံငွေများကို၊ အဖွဲ့ကပြုလုပ်သည့်စည်းကမ်းဥပဒေများအရ ထုတ်ယူသုံးစွဲရမည်။

၂၃။ ။အဖွဲ့၏ရံပုံငွေများကို၊ နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ဖြင့် သာ ရင်းနှီးရမည်။

၂၄။ ။အောက်ပါကိစ္စများအတွက် အဖွဲ့၏ရံပုံငွေများကို အဖွဲ့ကသုံးစွဲရမည်။

(က) အဖွဲ့သို့နိုင်ငံတော်သမတက ထုတ်ချေးထားသောငွေများနှင့်စပ်လျဉ်း၍ အရင်းကို၊ သို့တည်းမဟုတ် အတိုးများကိုပေးဆပ်ခြင်း။

(ခ) အဖွဲ့၏ရာထမ်းမှုထမ်းတို့ လစာသည်တို့အတွက် စရိတ်ကျခံခြင်း။

(ဂ) လိုအပ်သည်ဟုထင်မြင်သည့် အခြားအသုံးစရိတ်များကို နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် ကျခံခြင်း။

၂၅။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်အသီးသီးမကုန်မီ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ရ-သုံးခန့်မှန်းခြေစာရင်းကို နိုင်ငံတော်သမတထံ အခွင့်အမိန့်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါခန့်မှန်းခြေစာရင်းများကို ပြင်ဆင်သည့် နောက်ထပ်ခန့်မှန်းခြေစာရင်းများကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူတင်သွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့်ခန့်မှန်းခြေစာရင်းထက်ပိုရှိသည့် အသုံးစရိတ်ကိုမျှ အဖွဲ့ကမကျခံရ။

၂၆။ ။(၁) အဖွဲ့သည်၊ ငွေစာရင်းများကိုင်း၊ ထိုငွေစာရင်းများနှင့်သက်ဆိုင်သည့်အခြားမှတ်တမ်းများကိုင်းထားရှိရမည့်ပြင်၊ အဖွဲ့၏အလုပ်လုပ်ကိုင်သည့်နှစ် အသီးသီးအတွက် နှစ်ချုပ် ငွေစာရင်းကိုလည်း နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ် သတ်မှတ်သည့်ပုံစံဖြင့် စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော် စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေး၍နိုင်ငံတော်သမတထံအစီရင်ခံစာပေးပို့သွင်းရမည်။ ထိုအစီရင်ခံစာကို နိုင်ငံတော်သမတက ပါလီမန်သို့တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော် စာရင်းစစ်ချုပ်၏ ကြိုတင် သဘောတူညီချက်ဖြင့် ခန့်သော ပြည်သူ့ဝန်ထမ်းမဟုတ်သည့် နာမည်ရ ငွေစာရင်းစစ်အား၊ နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ ငွေစာရင်းများကို ကုန်သည်ကိုနည်းလမ်းအတိုင်း ကြားဖြတ် စစ်ဆေးစေနိုင်သည်။

၂၇။ ။ကုမ္ပဏီတခုက မိမိ၏အသားတင်ပင်ငွေပေါ်တွင် အခွန်များပေးဆောင်ရသည့် နည်းလမ်းအတိုင်း ထိုကုမ္ပဏီ၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အမျှ၊ အဖွဲ့မှာလည်း မိမိ၏ အသားတင် ပင်ငွေအပေါ်တွင် အခွန်များပေးဆောင်ရန် တာဝန်ရှိရမည်။

၂၈။ ။အဖွဲ့သည်၊ တန်ဘိုး ယုတ်လျော့ခြင်းအတွက်နှင့် သီးသန့် ရံပုံငွေမှစ၍ အခြား ရံပုံငွေများအတွက်၊ နိုင်ငံတော်သမတက နိုင်ငံတော် စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်သည့် နှုန်းများနှင့် စည်းကမ်းချက်များအတိုင်း ရံပုံငွေ စီမံ ရာထားရမည်။

၂၉။ ။ပုဒ်မ ၂၈ တွင် ဖော်ပြထားသည့် ရံပုံငွေ စီမံ ရာထားပြီးသည့်နောက် သတ်မှတ်ရမည့်အဖွဲ့၏အသားတင်အမြတ်ငွေကို၊ အခါအားလျော်စွာ အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ နိုင်ငံတော်သမတက ဆုံးဖြတ်သည့် နည်းလမ်းအတိုင်း သုံးစွဲရမည်။

## အပိုင်း ၇။

### လက်အောက်အဖွဲ့များ။

၃၀။ ။(၁) နိုင်ငံတော် သမတသည်၊ အဖွဲ့၏ ထောက်ခံချက် အရ အဖွဲ့၏ လက်အောက်ခံ လက်အောက် အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ အဆိုပါ လက်အောက် အဖွဲ့များသည်၊ အဖွဲ့၏ ကြီးကြပ် အုပ်ချုပ်မြင်းကို ခံ၍ အဖွဲ့က ထိုလက်အောက် အဖွဲ့များအား လွှဲအပ်သည့် အဖွဲ့၏ အာဏာများနှင့် တာဝန် ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) လက်အောက်အဖွဲ့များ၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လူကြီးတို့ကို နိုင်ငံတော်သမတက အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်လျက် ခန့်ထားရမည်။

## အပိုင်း ၇။

### အထွေထွေ။

၃၁။ ။အဖွဲ့၏ ရာထမ်း မှုထမ်း အားလုံးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်သော အခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကို ပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၃၂။ ။ဤအက်ဥပဒေအရ၊ သဘောရိုးဖြင့်ပြုလုပ်သော၊ သို့တည်းမဟုတ် ပြုလုပ်သည့်သဘောသက်ရောက်သော အပြုအမူတခုခုနှင့် ပတ်သက်၍ အဖွဲ့အပေါ်တွင်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးတဦးဦးအပေါ်တွင်ဖြစ်စေ၊ လက်အောက်အဖွဲ့အပေါ်တွင်ဖြစ်စေ၊ ထိုအဖွဲ့ဝင်လူကြီးတဦးဦးအပေါ်တွင်ဖြစ်စေ၊ အဖွဲ့၏ရာထမ်းမှုထမ်းတဦးဦးအပေါ်တွင်ဖြစ်စေ တရားမမှု စွဲဆိုခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မှုစွဲဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် အခြားအမှုအခင်းမပြုရ။

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတခုက တရားမမှုစွဲဆိုနိုင်သကဲ့သို့၊ သို့တည်းမဟုတ် စွဲဆိုခံရထိုက်သကဲ့သို့ အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် အဖွဲ့က၊ သို့တည်းမဟုတ် ဆိုခဲ့သည့်ပုဂ္ဂိုလ်ကဖြစ်စေ အဖွဲ့ကို၊ သို့တည်းမဟုတ် ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှု စွဲဆိုခြင်းကို၊ ဤပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ပိတ်ပင်ခြင်းမရှိမစေရ။

G.U.B.C.P. ,—No 40, M. of J.A., 8-12-50—2,000—II